# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# မြန်မာ့ပြောင်းများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့်
# ပို့ကုန်လမ်းညွှန်ချက်များ

**၂၀၂၃ ခုနှစ်**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြောင်းတင်ပို့သည့်အခြေအနေ | ၁ – ၂ |
| ၃။ | မြန်မာ့ပြောင်း တရုတ်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်း | ၃ – ၄ |
| ၄။ | မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့ရာ၌ ပို့ကုန်လိုင်စင် လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ | ၄ |
| ၅။ | တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့နေသောနိုင်ငံများ | ၅ |
| ၆။ | တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှု မူဝါဒ | ၅ – ၇ |
| ၇။ | အကောက်ခွန်ခွဲတမ်းစနစ် (Tariff Rate Quota – TRQ) နှင့် အကောက်ခွန် | ၇ |
| ၈။ | မြန်မာနိုင်ငံမှ တရုတ် (ဟောင်ကောင်)သို့ ပြောင်းတင်ပို့သူများအတွက် သိရှိရန်အချက်များ | ၇ – ၉ |
| ၉။ | တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့သူများအတွက် သိရှိရန်အချက်များ တင်ပို့မည့်ကုန်စည်အဆင့်အတန်းသတ်မှတ်ခြင်း GACC ၏ ကြေညာချက်မှတ် (၂၄၈) နှင့် (၂၄၉) | ၉ – ၁၁ |
| ၁၀။ | သင်္ဘောမတင်မီ စစ်ဆေးရန် အချက်များ | ၁၁ – ၁၂ |
| ၁၁။ | မြန်မာ–တရုတ် နှစ်နိုင်ငံအကြား ပြောင်းတင်ပို့မှု ဆောင်ရွက်ချက်များ | ၁၂ – ၁၃ |
| ၁၂။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ပြောင်းတင်ပို့သည့် လုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ သက်ဆိုင်ရာဌာန ထောက်ခံချက် | ၁၃ – ၁၅ |
| ၁၃။ | မှတ်ပုံတင်ရန် လိုအပ်သည့်အချက်များ | ၁၅ – ၁၇ |
| ၁၄။ | မှတ်ပုံတင်အမှတ်နှင့် အမှတ်တံဆိပ် | ၁၈ – ၁၉ |
| ၁၅။ | တရုတ်နိုင်ငံ China Inspection and Quarantine CIQ မှ စစ်ဆေးမည့်အချက်များ | ၁၉ |
| ၁၆။ | တရုတ်နိုင်ငံ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ် | ၂၀ – ၂၁ |
| ၁၇။ | တရုတ်နိုင်ငံ အကောက်ခွန်ရှင်းလင်းရေးတွင် လိုအပ်သည့် စာရွက်စာတမ်းများ | ၂၁ – ၂၂ |
| ၁၈။ | နိဂုံး | ၂၂ |

# မြန်မာ့ပြောင်းများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခွင့်
# ပို့ကုန်လမ်းညွှန်ချက်များ

## နိဒါန်း

၁။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များတွင် ပြောင်းသည် ပြည်တွင်း၌ မွေးမြူရေး အစားအစာအဖြစ် အသုံးပြုမှုအတွက် အဓိကစားသုံးသီးနှံဖြစ်သကဲ့သို့ နိုင်ငံခြားဝင်ငွေရရှိရေး အတွက် အဓိကပို့ ကုန်ဖြစ်ပြီး ပြောင်းအရည်အသွေးနှင့် အရေအတွက်တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ပြောင်းပို့ကုန်မြှင့်တင်နိုင်ရန် ဆောင်ရွက်လျှက်ရှိပါသည်။ နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးထုတ်လုပ်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပါဝင်လျှက်ရှိသဖြင့် အလုပ်အကိုင်ဖန်တီးရေး၊ ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်နေလျက်ရှိရာ ခေတ်မီသောစိုက်ပျိုးမှုနည်းလမ်းများ နှင့် နည်းပညာများကို အသုံးပြု၍ ထုတ်လုပ်မှုစွမ်းအားနှင့် အရည်အသွေးကိုမြှင့်တင်ရန်၊ ပို့ကုန်တန်ဖိုးကွင်း ဆက်ခိုင်မာ အားကောင်းစေရန် ဆောင်ရွက်လျှက်ရှိပါသည်။ ပြောင်းအတွက် ပြည်တွင်း/ပြည်ပ တင်ပို့ရောင်းချ ရာတွင်လည်း ကြီးမားကျယ်ပြန့်သည့် ဈေးကွက်ဖြစ်၍ ပြည်ပသို့တင်ပို့ရာ၌ အရည်အသွေး နှင့် ပြည်ပဝယ်လိုအား၏လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လိုအပ်ပြီး ပြည်ပဈေးကွက်နိုင်ငံများ၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း သိရှိလိုက်နာဆောင်ရွက်မှသာ ဈေးကွက်ဝင်ရောက်ခွင့် လွယ်ကူပြီး ပို့ကုန်မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ပြောင်းကို အဓိက တင်ပို့နေရသည့် အိမ်နီးချင်း တရုတ်နိုင်ငံဈေးကွက်၏ ပြောင်းတင်သွင်းမှုဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိစေရန် ထုတ်နုတ်ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြောင်းတင်ပို့သည့်အခြေအနေ
## (ပင်လယ်ရေကြောင်း + နယ်စပ်)


၂။ မြန်မာနိုင်ငံမှ ပြောင်းများ ပြည်ပနိုင်ငံများသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–


ဘဏ္ဍာနှစ်အလိုက် ပြောင်း တင်ပို့မှုစာရင်း

တန်ဖိုး–အမေရိကန်ဒေါ်လာ(သန်းပေါင်း)

| စဉ် | ဘဏ္ဍာနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၈–၂၀၁၉ | ၂၀၈၁၅၉ | ၄၄.၇၃၇ | ၁၃၂၂၉၁၁ | ၂၃၂.၃၄၃ | ၁၅၃၁၀၇၁ | ၂၇၇.၀၈၀ |
| ၂ | ၂၀၁၉–၂၀၂၀ | ၅၉၆၀၀၀ | ၁၂၅.၄၉၅ | ၁၆၂၆၀၂၉ | ၂၄၂.၈၇၆ | ၂၂၂၂၀၂၉ | ၃၆၈.၃၇၁ |
| ၃ | ၂၀၂၀–၂၀၂၁ | ၂၆၃၅၇၃ | ၆၂.၇၁၃ | ၂၃၅၀၀၉၄ | ၄၇၃.၆၂၂ | ၂၆၁၃၆၆၇ | ၅၃၆.၃၃၅ |
| ၄ | ၂၀၂၁–၂၀၂၂ (ကာလတို) | ၇၅၅၅၁၄ | ၁၈၅.၅၃၀ | ၇၆၆၄၃၂ | ၁၈၂.၆၉၂ | ၁၅၂၁၉၄၆ | ၃၆၈.၂၂၂ |
| ၅ | ၂၀၂၂–၂၀၂၃ | ၁၀၇၄၄၈၃ | ၃၂၅.၆၃၅ | ၈၄၇၂၃၂ | ၂၆၇.၄၀၀ | ၁၉၂၁၇၁၅ | ၅၉၃.၀၃၅ |
| ၅ | ၂၀၂၃–၂၀၂၄ (၃၀–၆–၂၀၂၃အထိ) | ၂၃၈၀၄၆ | ၇၃.၃၀၈ | ၃၄၂၃၉၃ | ၁၀၅.၈၇၄ | ၅၈၀၄၃၉ | ၁၇၉.၁၈၂ |

Source: Customs


ဘဏ္ဍာနှစ်အလိုက် အစေ့ထုတ်ပြောင်း တင်ပို့မှု (တန်ချိန်)
၃၀၀၀၀၀၀
၂၅၀၀၀၀၀
၂၀၀၀၀၀၀
၁၅၀၀၀၀၀
၁၀၀၀၀၀၀
၅၀၀၀၀၀
၀
၂၀၁၈-၂၀၁၉
၂၀၁၉-၂၀၂၀
၂၀၂၀-၂၀၂၁
၂၀၂၁-၂၀၂၂...
၂၀၂၂-၂၀၂၃
၂၀၂၃-၂၀၂၄...


အစေ့ထုတ်ပြောင်း ဘဏ္ဍာနှစ်အလိုက် တင်ပို့သည့် (တန်ဖိုး)
၇၀၀
၆၀၀
၅၀၀
၄၀၀
၃၀၀
၂၀၀
၁၀၀
၀
၂၇၇
၃၆၈
၅၃၆
၃၆၈
၅၉၃
၁၇၉
1
၂၀၁၈-၂၀၁၉
၂၀၁၉-၂၀၂၀
၂၀၂၀-၂၀၂၁
၂၀၂၁-၂၀၂၂ (ကာလတို)
၂၀၂၂-၂၀၂၃
၂၀၂၃-၂၀၂၄ (၃၀-၆-၂၀၂၃) ထိ

## မြန်မာ့ပြောင်း တရုတ်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း + နယ်စပ်)


၃။ မြန်မာ့ပြောင်း တရုတ်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-


မြန်မာ့ပြောင်း တရုတ်နိုင်ငံသို့ ဘဏ္ဍာနှစ်အလိုက် တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာ(သန်းပေါင်း)

| စဉ် | ဘဏ္ဍာနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၈-၂၀၁၉ | | | ၆၈၉၅၈၅.၅၉၀ | ၁၃၄.၅၅၀ | ၆၈၉၅၈၅.၅၉၀ | ၁၃၄.၅၅၀ |
| ၂ | ၂၀၁၉-၂၀၂၀ | | | ၁၂၆၀၂၀.၄၆၀ | ၁၂၅.၄၉၅ | ၁၂၆၀၂၀.၄၆၀ | ၁၂၅.၄၉၅ |
| ၃ | ၂၀၂၀-၂၀၂၁ | | | ၁၀၇၇၉၇.၄၀၀ | ၁၆.၈၀၀ | ၁၀၇၇၉၇.၄၀၀ | ၁၆.၈၀၀ |
| ၄ | ၂၀၂၁-၂၀၂၂ (ကာလတို) | | | ၄၄၆၇၅.၁၅၀ | ၇.၂၁၃ | ၄၄၆၇၅.၁၅၀ | ၇.၂၁၃ |
| ၅ | ၂၀၂၂-၂၀၂၃ | ၁၀၂၈၅၁.၀၀၀ | ၃၀.၂၀၈ | ၉၈၅၁၂.၄၄၂ | ၂၉.၆၈၂ | ၂၀၁၃၆၃.၄၄၂ | ၅၉.၈၉၀ |
| ၆ | ၂၀၂၃-၂၀၂၄ (၃၀-၆-၂၀၂၃)ထိ | | | ၈၂၉၆.၈၃၃ | ၂.၅၇၉ | ၈၂၉၆.၈၃၃ | ၂.၅၇၉ |

Source: Customs






**မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့ရာ၌ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ**

၄။ မြန်မာနိုင်ငံမှ ပြည်ပသို့ ပြောင်းတင်ပို့ရာ၌ ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ပင်လယ်ရေကြောင်း**

(၁) ကုမ္ပဏီ၏ Letter Head ဖြင့်လျှောက်လွှာ ပါရှိရမည်။

(၂) ကုမ္ပဏီ၏ Letter Head ဖြင့် Proforma Invoice ပါရှိရမည်။

(၃) လျှောက်ထားသည့် ပြောင်းများအား ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)၏ FOB (YGN) (၂)ပတ်အတွင်းဈေးဖြင့် ကိုက်ညီမှုရှိရမည်။

**( ခ ) နယ်စပ်**

(၁) ကုမ္ပဏီ၏ Letter Head ဖြင့်လျှောက်လွှာပါရှိရမည်။

(၂) ကုမ္ပဏီ၏ Letter Head ဖြင့် Proforma Invoice ပါရှိရမည်။

(၃) လျှောက်ထားသည့်ပြောင်းများအား ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(ဘုရင့်နောင်ကုန်စည်ဒိုင်)၏ FOB (YGN) (၂)ပတ်အတွင်းဈေးဖြင့် ကိုက်ညီမှုရှိရမည်။

(၄) Advanced (TT) စနစ် Bank Credit ပါရှိရမည်။

**တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့နေသော နိုင်ငံများ**

၅။ ၂၀၂၁ ခုနှစ်စာရင်းအရ တရုတ်နိုင်ငံမှ ပြောင်းဝယ်ယူတင်သွင်းနေသောနိုင်ငံများ–

(က) အမေရိကန်ပြည်ထောင်စု(၃၇၂.%)

( ခ ) အိန္ဒိယ (၁ ၈.%)

( ဂ ) အာဂျင်တီးနား (၁၇.၆ %)

(ဃ) တောင်အာဖရိက (၁၆. %)

( င ) ယူကရိန်း (၁၁၄. %)

( စ ) ရုရှား (၁.၄ %)

(ဆ) ဘရာဇီးလ် (၈ ၁.%)

( ဇ ) ပိုလန် (၁ ၂.%)

(ဉ) ရိုမေးနီးယား (၃၈.%)

( ဋ ) ဆာဗီးယား (၁ ၂.%)

( ဌ ) ပြင်သစ် (၃.၈ %)

( ဍ ) ကနေဒါ (၁ %)

( ဎ ) ဟန်ဂေရီ (၂ %)

(ဏ) ဘူဂေးရီးယား (%၉.၀)

(တ) မြန်မာ (% ၉.၀)

Source : www.worldstopexports.com

**တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှု မူဝါဒ**

၆။ ကမ္ဘာ့ဒုတိယ စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကမ္ဘာလုံး ဆိုင်ရာ **Supply Chain** တွင် အဓိကနေရာမှ ပါဝင်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကုန်သွယ်ဖက်နိုင်ငံများမှ ရေနံစိမ်းများ၊ သံရိုင်းများ၊ **Integrated Circuits** မော်တော်ယာဉ်များ၊ သဘာဝဓာတ်ငွေ့စသည့် စက်မှုကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အခြေခံကျသည့် ကုန်ကြမ်း ပစ္စည်းများအား အဓိက တင်သွင်းလျက် ရှိပါသည်။

၇။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပြောင်း **(Maize)** ဒုတိယအများဆုံး ထုတ်လုပ်လျက် ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်စဉ်ပြောင်း **(Maize)** မက်ထရစ်တန်ချိန် သန်းပေါင်း **(**၂၅၇ ဒသမ ၇ **)** အထိ ထုတ်လုပ်ထွက်ရှိကြောင်း ခန့်မှန်းထားပါသည်။ ပြောင်း **( Maize)** သုံးစွဲမှု ဒုတိယအများဆုံး နိုင်ငံလည်း ဖြစ်ပါသည်။

၈။ ကမ္ဘာပေါ်တွင် ပြောင်း **(Maize)** အများဆုံးထုတ်လုပ် တင်ပို့လျက်ရှိသည့် နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ အာဂျင်တီးနား၊ ဘရာဇီးနှင့် ယူကရိန်းနိုင်ငံတို့ ဖြစ်ပါသည်။ ပြောင်း **(Maize)** အများဆုံး ဝယ်ယူတင်သွင်းလျက်ရှိသည့် နိုင်ငံများမှာ ဂျပန်၊ မက္ကဆီကို၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အီရန်၊ စပိန်၊ အီဂျစ်၊ နယ်သာလန်၊ အီတလီနှင့် ကိုလံဘီယာ နိုင်ငံတို့ ဖြစ်ပါသည်။

၉။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ တရားဝင် ထုတ်ပြန် ကြေညာထားသည့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒဆန်းစစ် ခြင်းအစီရင်ခံစာ **(Trade Policy Review – TPR)**၌ တရုတ်နိုင်ငံ အနေဖြင့် အကောက်ခွန်နှုန်းထား အရေအတွက် ကန့်သတ်ချက် **(Tariff Rate Quota– TRQ)** စနစ် ချမှတ်ကျင့်သုံးလျက်ရှိသည့် ကုန်စည်လိုင်း(၄၇)လိုင်းအနက် ပြောင်း**( Maize)** သည်လည်း တစ်ခုအပါ အဝင်ဖြစ်ပါသည်။

၁၀။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ပြောင်း (Maize) တန်ချိန် ပမာဏ (၇ ဒသမ ၂) သန်းသာ ကိုတာ (Quota) သတ်မှတ် တင်သွင်းခွင့်ပြုပါသည်။ အချို့သောနှစ်များတွင် သတ်မှတ် ကိုတာ (Quota)တန်ချိန် ထက်လျော့နည်း တင်သွင်းခွင့်ပြုသည့်အတွက် ကမ္ဘာ့ဈေးကွက် အတွင်း ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၁၁။ သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုမှ လေ့လာသုံးသပ်သူများက တရုတ်နိုင်ငံအတွင်းသို့ ပြောင်း(Maize)တင်သွင်းနိုင်မည့် ကိုတာ(Quota)သတ်မှတ်ချက် တိုးမြှင့်ပေးရန်တောင်းဆိုခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက်မူ ကိုတာ(Quota) ပိုမိုခွင့်ပြုရန် လျာထားသော်လည်း တရုတ်နိုင်ငံ အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ချုပ်ဆိုခဲ့သည့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပထမ အဆင့် သဘောတူညီချက်အရ အမေရိကန်ပြည်ထောင်စုထံမှ ပြောင်းများအား ဦးစားပေး ဝယ်ယူရ မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

၁၂။ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်း**( Maize)** များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်ပို့ ရောင်းချနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ **(General Administration of Customs of China– GACC)** တို့အကြား ချုပ်ဆိုမည့် **“ PROTOCOL OF PHYTOSANITARY REQUIREMENTS FOR THE EXPORT OF MAIZE FROM MYANMAR TO CHINA BETWEEN THE GENERAL ADMINISTRATION OF CUSTOMS OF THE PEOPLE’S REPUBLIC OF CHINA AND THE MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION OF THE REPUBLIC OF THE UNION OF MYANMAR” မြန်မာနိုင်ငံမှ ပြောင်းကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရေးအတွက် အပင်ပိုးမွှားကင်းစင်ရေး**

**ဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ်** (Protocol) **အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။** ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပြောင်း **(Maize)** ဒုတိယ အများဆုံး ထုတ်လုပ်လျက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ခြင်း၊ နိုင်ငံအတွင်းသို့ ပြောင်း **(Maize)** တင်သွင်းမှု အပေါ် ကိုတာ**(Quota)** သတ်မှတ်၍ ကျင့်သုံးလျက်ရှိခြင်း၊ အကောက်ခွန်နှုန်းထား အရေအတွက် ကန့်သတ်ချက် **(Tariff Rate Quota-TRQ)** စနစ်အား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ **( World Trade Organization – WTO)** သို့ တရားဝင်ကြေညာ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိခြင်း၊ အမေရိကန် ပြည်ထောင်စုအပါအဝင် အခြားကုန်သွယ်ဖက်နိုင်ငံများနှင့်ချုပ်ဆိုထားသည့် စီးပွားရေးနှင့် ကုန်သွယ် ရေးဆိုင်ရာသဘောတူညီချက်များအရ အဆိုပါနိုင်ငံများမှ ဦးစားပေးတင်သွင်းနေရခြင်းတို့ကို လေ့လာတွေ့ရှိရပါသဖြင့် မြန်မာနိုင်ငံမှထုတ်လုပ်ထွက်ရှိသည့် ပြောင်း**(Maize)**များအား ဈေးကွက်လို အပ်ချက်မြင့်မား၍ အများဆုံးဝယ်ယူတင်သွင်းလျက်ရှိသည့်နိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်သွားနိုင် ရေး စနစ်တကျ လေ့လာသုံးသပ်၍ စီစဉ်ဆောင်ရွက်သွားသင့်ပါသည်။

**အကောက်ခွန်ခွဲတမ်းစနစ်** (**Tariff Rate Quota – TRQ**) **နှင့် အကောက်ခွန်**

၁၃။ ၂၀၂၁ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ ပြောင်းနှင့် ဂျုံ တင်သွင်း ခွင့်ပြုသည့်ပမာဏအနေဖြင့် တရုတ်နိုင်ငံတွင် ၂၀၂၁ ခုနှစ်အတွက် ပြောင်း၊ ဂျုံ နှင့်အုတ်ဂျုံတို့အား ပြည်ပမှအခွန်နှုန်း နည်းပါး စွာဖြင့် တင်သွင်းခွင့်ပြုသည့်ပမာဏ **(low tariff rate quotas – TRQs)**အား မက်ထရစ် တန်ချိန် (၇ ဒသမ ၂)သန်း၊ ( ၉ ဒသမ ၆၃၆)သန်းနှင့် (၅ ဒသမ ၃၂၀)သန်း အသီးသီးသတ်မှတ်ထားပါသည်။ ၎င်းပမာဏမှာ ၂၀၂၀ ပြည့်နှစ်က သတ်မှတ်ခဲ့သော ပမာဏအတိုင်း မပြောင်းလဲခဲ့သည်ကိုတွေ့ရ ပါသည်။ သတ်မှတ်ထားသည့် ပြောင်းပမာဏ၏ **(**၆၀**)**ရာခိုင်နှုန်းနှင့် ဂျုံပမာဏ၏ **(**၉၀**)** ရာခိုင်နှုန်း အား နိုင်ငံပိုင်လုပ်ငန်းများထံသို့ ခွဲဝေပေးထားပါသည်။

၁၄။ သတ်မှတ်ထားသည့်ပမာဏအတွင်း တင်သွင်းပါက အကောက်ခွန်နှုန်း(၁)ရာခိုင်နှုန်းကောက်ခံ မည်ဖြစ်ပြီး၊ သတ်မှတ်ပမာဏ၏ပြင်ပတွင် တင်သွင်းပါကအကောက်ခွန်နှုန်း(၆၅)ရာခိုင်နှုန်းကောက်ခံ မည်ဖြစ်ပါသည်။ သို့ရာတွင် တရုတ်အစိုးရက ပြည်ပမှတင်သွင်းရန် ကြိုတင်စာရင်းပေးထားမှုမှာ ပြောင်းတန်ချိန် **(**၉ဒသမ၃**)** သန်း ရှိပြီးဖြစ်ရာ၊ ပိုမိုနေသောပမာဏများအတွက် အခွန်နှုန်း အနိမ့်ဖြင့် ခွင့်ပြုပေးနိုင်ခြင်း ရှိ **/** မရှိ စောင့်ကြည့်နေဆဲဖြစ်ပါသည်။

**မြန်မာနိုင်ငံမှ တရုတ်(ဟောင်ကောင်) သို့ ပြောင်းတင်ပို့သူများအတွက် သိရှိရန်အချက်များ**

၁၅။ တရုတ်(ဟောင်ကောင်)သို့ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် အောက်ပါအချက်များ လိုအပ်ပါ သည်-

**(က)** စိုက်ပျိုးရေး၊ ငါးလုပ်ငန်းထိန်းသိမ်းရေးဌာနမှ အသိအမှတ်ပြုထုတ်ပေးသော အပင် တင်သွင်း ခွင့်လိုင်စင် **( Plant import Licence)**၊

(ခ) တင်ပို့မည့်ပင်ရင်းနိုင်ငံ၌ ပိုးသတ်ပြီးမှတင်ပို့ရန်၊

(ဂ) တင်ပို့မည့် ပင်ရင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြု ထုတ်ပေးထားသည့် သက်တမ်း မကုန်သေးသော အပင်ပိုးမွှားကင်းရှင်းကြောင်း အသိအမှတ်ပြု လက်မှတ် **(Phytosanitary Certificate)**၊

(ဃ) ကုန်ပစ္စည်းများ တင်သွင်းလာပြီးနောက် အပင်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးခံနိုင်ရန် အစရှိသည်တို့ လိုအပ်ပါသည်။

၁၆။ သို့သော် တရုတ်(ဟောင်ကောင်)သို့ ပြောင်းအစရှိသော အစေ့အဆံများ တင်သွင်းရာတွင် အပင်ပိုးမွှား ကင်းရှင်းကြောင်းအသိအမှတ်ပြုလက်မှတ် တင်ပြနိုင်ပါက အပင်တင်သွင်းခွင့်လိုင်စင် **(Plant import Licence)** လျှောက်ထားရန် မလိုအပ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ ဟောင်ကောင်သို့ ပြောင်းစေ့များ တင်ပို့ရန်နှင့်ပတ်သက်၍ ဟောင်ကောင်ဒေသ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းထိန်းသိမ်းရေးဌာနမှ ထုတ်ပြန်ထားမှုတွင် အောက်ပါအချက်များ လိုက်နာရန် လိုအပ်ပါသည်-

(က) တင်ပို့မည့်ပင်ရင်းနိုင်ငံ၌ အစေ့အဆံများအား အဆိပ်ငွေ့သုံးခြင်း (သို့မဟုတ်) ပိုးသတ်ပြီးမှ တင်ပို့ရန်၊

(ခ) သက်တမ်း မကုန်သေးသော အပင်ပိုးမွှား ကင်းရှင်းကြောင်း အသိအမှတ်ပြု လက်မှတ် **( Phytosanitary Certificate)** တင်ပြရန်၊

(ဂ) ကုန်ပစ္စည်းများ ဟောင်ကောင်ဒေသသို့ တင်သွင်းလာပြီးနောက် အပင်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးခံနိုင်ရန်၊

၁၇။ တရုတ်(ဟောင်ကောင်)ဒေသ၌ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ဟောင်ကောင်မှ တစ်ဆင့် ပြန်လည် တင်ပို့လိုသော ကုန်ပစ္စည်းများအတွက် **Phytosanitary Certificate for Re – Export** ကို ဟောင်ကောင်မြို့၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းထိန်းသိမ်းရေးဌာနမှ ထုတ်ပေးလျက် ရှိကြောင်း၊ ကုန်ပစ္စည်း မတင်ပို့ခင် (၇) ရက် ကြိုတင်၍ **Phytosanitary Certificate** မူရင်းဖြင့် လျှောက်ထားရမည် ဖြစ်ကြောင်း၊ လျှောက်ထားမှုအား လက်ခံပါက ဟောင်ကောင် ဒေါ်လာ(၁၅၅) ဒေါ်လာပေးသွင်းရမည် ဖြစ်ကြောင်း၊ လိုအပ်သည့်အချက်အလက်များ ပြည့်စုံပါက **Phytosanitary Certificate for Re – Export** ကို (၂) ရက်အတွင်း ထုတ်ပေးကြောင်း၊ **Certificate** အတွက် **Duplication fees** ဟောင်ကောင် ဒေါ်လာ (၁၂၅) ဒေါ်လာ ပေးသွင်းရမည် ဖြစ်ကြောင်း၊ လိုအပ်သော အချက်အလက်များ ပြည့်စုံမှသာ **Certificate** ထုတ်ပေးမည်ဖြစ်ရာ သေချာမှသာ ကုန်ပစ္စည်းများကို တင်ပို့ရန် စီစဉ်သင့်ကြောင်း၊ အဆိုပါ ကုန်ပစ္စည်းများ ဟောင်ကောင်ဆိပ်ကမ်းမှ မထွက်ခွာခင် မြေသား၊ ပိုးမွှားနှင့်ရောဂါများ မပါရှိရန်မှာ အရေးကြီးကြောင်း၊ ကုန်ပစ္စည်း မတင်ပို့ခင်

**(၁၄)** ရက် အတွင်း ထုတ်ပေးထားသော **Phytosanitary Certificate for Re- Export** သာ လျှင် တရားဝင်မည် ဖြစ်ပါသည်။

၁၈။ ဟောင်ကောင်ဒေသ၊ အစားအစာဘေးကင်းလုံခြုံရေးဗဟိုဌာနမှ ပြောင်းစေ့အမျိုးအစားအလိုက် သတ်မှတ်ထားသော ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု အများဆုံးပမာဏ သတ်မှတ်ချက်များအား ထုတ်ပြန်ထားရှိပါသည်။

**တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့သူများအတွက် သိရှိရန်အချက်များ**

၁၉။ **တင်ပို့မည့်ကုန်စည်အဆင့်အတန်းသတ်မှတ်ခြင်း။** တရုတ်နိုင်ငံသည် ပြောင်းအတွက် **Food Category ID** ကို **06.02.01** ဟု သတ်မှတ်ထားပြီး စားသောက်ကုန်တင်သွင်းမှု မှတ်ပုံတင်ခွင့် လွယ်ကူစေရန်အတွက် တင်သွင်းမည့်ကုန်စည်များ၏ အဆင့်အတန်း Low-risk**(GACC-1-1 type )** , Medium-risk **(GACC-1-2 type )** နှင့် High-risk **(GACC-1-3 type )** ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည် -

**GACC-1-1: GACC registration for Low Risk Food Manufacturer**

**► Low-risk food categories (GACC-1-1 type )**

1. Vegetables and their products (except fresh and dehydrated vegetables)
2. Processed grain and their products
3. Tea
4. Processed Nuts and seed products
5. Liquor
6. Beverages and frozen drinks
7. Biscuits, pastries, bread
8. Sugars (including raw sugar, table sugar, lactose, syrup, etc.)
9. Candy, chocolate (including chocolate, cocoa butter substitute chocolate and its products)
10. Condiments (not including sugar)
11. Roasted coffee beans, cocoa beans and their products (excluding chocolate)
12. Fruit products (excluding dried fruits)
13. Chinese herbal medicine
14. Other processed food

**GACC-1-2: GACC registration for Medium Risk Food Producer**

**► Medium-risk food categories (GACC-1-2 type ):**

1. bee products,
2. egg products,
3. sausage casings,
4. edible oils and fats,
5. oilseeds,
6. stuffed wheaten products,
7. edible grains,
8. milled grain industry products and malt,
9. fresh and dehydrated vegetables and dried beans,
10. condiments,
11. nuts and seeds,
12. dried fruits,
13. unroasted coffee beans and cocoa beans,

**၂၀။ GACC ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)**

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်များတင်ပို့မည့် လုပ်ငန်းရှင်များ အနေဖြင့် တရုတ်နိုင်ငံတွင် မှတ်ပုံတင်ရန်လိုအပ်သည့်လုပ်ငန်းစဉ်များအား အကောက်ခွန်အထွေ ထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China - GACC)၏ ကြေညာချက်အမှတ်(၂၄၈)နှင့်(၂၄၉)တို့ဖြင့် ၁၂-၄-၂၀၂၁နေ့တွင် ထုတ်ပြန် ကြေညာခဲ့ပါသည်။ ထုတ်ပြန်ချက်အရ ၁-၁-၂၀၂၂ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည် ဖြစ်ပါသည်။ မှတ်ပုံတင် သက်တမ်းကာလမှာ ၅နှစ်ဖြစ်ပြီး သက်တမ်းမကုန်မီ ၃လ - ၆လကြိုတင်၍ သက်တမ်း တိုးရမည်။ ကုန်စည်များကို သက်ဆိုင်ရာ အခွင့်အာဏာရှိသူ၏ ထောက်ခံချက်ဖြင့် မှတ်ပုံ တင်ရမည်ဖြစ်ပါသည်။

( ခ ) ကြေညာချက်အမှတ်(၂၄၉)မှာ စားသောက်ကုန်တင်သွင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် တရုတ်နိုင်ငံမှထုတ်ပြန်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ထုပ်ပိုးမှု၊ တံဆိပ်နှင့် တံဆိပ်အမှတ်အသားများလည်း ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။

**သင်္ဘောမတင်မီ စစ်ဆေးရန်အချက်များ**

၂၁။ မြန်မာနိုင်ငံသည် ပြည်ပသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ရေထွက်ကုန်နှင့် သစ်တောထွက်ကုန်များကို တင်ပို့လျက်ရှိသည်။ ထိုသို့ ပြည်ပသို့ ကုန်စည်များကို တင်ပို့ရာတွင် နှစ်ဦးနှစ်ဖက် သဘောတူချုပ်ဆိုကြသည့် အရောင်းအဝယ်စာချုပ် သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီမှုရှိအောင်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့သည်။ ပြည်ပသို့တင်ပို့ရာတွင်လည်း ပင်လယ်ရေကြောင်းကုန်သွယ်မှု (Overseas)နှင့် နယ်စပ်ကုန်သွယ်မှု (Border Trade) တို့ဖြင့်တင်ပို့နေသည်။ ကုန်ဝယ်ဖက်နိုင်ငံ ကုန်ဝယ်သူနှင့် ချုပ်ဆိုထားသည့် စာချုပ်ပါလိုအပ်ချက်များနှင့်ကိုက်ညီခြင်း ရှိ/ မရှိ သင်္ဘောမတင်မီ စစ်ဆေးခြင်းကို စစ်ဆေးရေးအဖွဲ့များ (Inspection Team)က ကုန်ဝယ်သူနှင့်ကုန်ရောင်းသူကြား တတိယအဖွဲ့ အစည်းအနေဖြင့် စစ်ဆေးပြီးသင်္ဘောမတင်မီ စစ်ဆေးချက်အစီရင်ခံစာ (Pre–shipment Inspection Report –PSI) များနှင့် တစ်ဖက်ကုန်ဝယ်ဖက်နိုင်ငံသို့ တင်ပို့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်သော မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection and Testing Services Ltd. – MITS ) သည် ရောင်းသူ၊ ဝယ်သူ နှစ်ဖက်အကြား တတိယအဖွဲ့အစည်း (3rd Party)အဖြစ် ကုန်ပစ္စည်းအမည်၏ အရည်အသွေးအား စစ်ဆေးခြင်းလုပ်ငန်းကို မြန်မာ့စံ (Myanmar Standard)ကို ကိုးကားပြီး ဆောင်ရွက်ပေးနေပြီး အချို့ကုန်ဝယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်အရ ထုတ်လုပ်မှု လုပ်ငန်းအဆင့် (Processor Level) များကို စစ်ဆေးပေးနေသည်။

၂၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ပြောင်းဆံများတင်ပို့ခြင်းတွင်လည်း ဆန်တင်ပို့သည့် ဆန်စက်များကို ဝယ်လက် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိသည့် ဆန်စက်များမှ ကြိတ်ခွဲသည့်ဆန်များကိုသာ တင်ပို့ခွင့်ပြုသကဲ့သို့ ပြောင်းတင်ပို့မည့် ပြောင်းခြွေစက်နှင့် အခြောက်ခံစက်များကိုလည်း စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ တင်ပို့ခွင့်ပြုမည်ဟု တရုတ်နိုင်ငံဘက်က အသိပေးလာသည့်အတွက် ပြောင်းတင်ပို့မည့် ကုမ္ပဏီများ၏သိုလှောင်ရုံ၊ အခြောက်ခံစက်နှင့် အခြောက်လှန်းကွင်းများကို စစ်ဆေးပေးခဲ့ရသည်။ ပြောင်းသိုလှောင်ရုံ၊ အခြောက်ခံစက်နှင့် နေလှန်းကွင်းများကို စစ်ဆေးရာ

တွင်လည်း ဥရောပသမဂ္ဂနိုင်ငံသို့ ပဲပင်ပေါက်ဖောက်ရန် တင်ပို့မည့် ပဲတီစိမ်း သန့်စင်ထုတ်လုပ်မည့် အဆင့် (Processor Level) ကို စစ်ဆေးသည့် အချက်များကို အခြေခံကာ စစ်ဆေးပြီး လုပ်ငန်းကြီးကြပ်မှုအဖွဲ့(Working Task Force) မှ စိစစ်အတည်ပြု၍ စိုက်ပျိုးရေးလုပ်ငန်း၊ အပင်ပိုးမွှား ဌာနခွဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်သို့ တင်ပြအတည်ပြုချက်များ တောင်းခံလျက်ရှိသည်။ တင်ပို့မည့် ပို့ကုန်အမည်၏ အရည်အသွေးသာမက ထုတ်လုပ်မှုအဆင့်ဆင့်ကိုပါ စိစစ်မှုများ လုပ်ဆောင်လျက်ရှိပါသည်။ တင်ပို့ခွင့်ရရှိရေးအတွက် သတ်မှတ်ချက်များကို စစ်ဆေးခြင်းမပြုလုပ်မီ သက်ဆိုင်ရာကုမ္ပဏီ/ လုပ်ငန်းရှင်များအား အသင်းအဖွဲ့များ၏ ဦးဆောင်မှုနှင့် သင်တန်းများ ပို့ချပေးခြင်းကိုလည်း နှစ်စဉ်စစ်ဆေးရေးလုပ်ငန်း မစတင်မီဆောင်ရွက်ပေးလျက်ရှိသည်။

**မြန်မာ တရုတ် နှစ်နိုင်ငံအကြား ပြောင်းတင်ပို့မှု ဆောင်ရွက်ချက်များ–**

၂၃။ မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့ အကြား အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်ကို ၃၁–၁–၂၀၂၂ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

၂၄။ တရုတ်နိုင်ငံပေကျင်းမြို့၊ကူမင်းမြို့၊ နန်နင်းမြို့နှင့် ဟောင်ကောင်မြို့များတွင် စီးပွားရေးသံမှူးများကို စေလွှတ်ခန့်အပ်ကာ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိရာ GACC ဆိုင်ရာကိစ္စရပ်များကိုလည်း ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးကပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပါသည်။

၂၅။ နှစ်နိုင်ငံအကြား အပင်ပိုးမွှားကင်းစင်ရေးဆိုင်ရာ လိုအပ်ချက်သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းအပေါ် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပြောင်းထုတ်လုပ်တင်ပို့ရာတွင် စာချုပ်ပါလိုအပ်ချက်များနှင့် ကိုက်ညီစွာ တင်ပို့နိုင်ရေးတွန်းအားပေးကြီးကြပ်ဆောင်ရွက်ရန် Working Task Force အဖွဲ့အား ၂၈–၂–၂၀၂၂ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌများ၊ လယ်ယာစီးပွားတိုးတက်မြှင့်တင်ရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂၆။ နှစ်နိုင်ငံချုပ်ဆိုထားသော Sanitary and Phytosanitary Protocol အရ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ တင်ပို့နိုင်ရေးအတွက်လည်းကောင်း၊ နှစ်စဉ်ပုံမှန် စိစစ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း တရုတ်နိုင်ငံသို့ ပြောင်းဆံတင်ပို့မည့် ကုမ္ပဏီများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ထားသည့် Expression of Interest – EOI အဆိုပြုလွှာများကို အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

၂၇။ EOI အဆိုပြုလွှာများ လျှောက်ထားရာတွင် အောက်ဖော်ပြပါ အခြေခံစည်းကမ်းချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်–

(က) ပြည်ပတင်ပို့ရန် အဆင့်မီသော အခြောက်ခံစက်နှင့် သိုလှောင်ရုံလုပ်ငန်းကို ကိုယ်တိုင် (သို့မဟုတ်) သတ်မှတ်ကာလအတွက် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ခိုင်မာစွာ တင်ပြလုပ်ကိုင်နိုင်သည့်ကုမ္ပဏီအဖွဲ့အစည်း ဖြစ်ရန်၊

( ခ ) တရုတ်နိုင်ငံ(သို့မဟုတ်)အခြားနိုင်ငံများသို့ ပြောင်းဆံတင်ပို့မှု အတွေ့အကြုံရှိသူများ ဖြစ်ပါက အထောက်အထား အချက်အလက်များဖြင့် ဖော်ပြရန်၊

( ဂ ) တရုတ်နိုင်ငံမှ သတ်မှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည့် ကုမ္ပဏီအဖွဲ့အစည်းဖြစ်ရန်၊

(ဃ) Food Safety နှင့် ပြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက ကန်ထရိုက်လယ်ယာစနစ် (Contract Farming)၊ ကောင်းမွန်သော စိုက်ပျိုး ထုတ်လုပ်မှုစနစ် – GAP ကို ဆောင်ရွက်နိုင်သော ကုမ္ပဏီအဖွဲ့အစည်းများဖြစ်ရန်၊

၂၈။ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် EOI အဆိုပြုလွှာများကို Working Task Force အဖွဲ့မှ စိစစ်သွားမည်ဖြစ်ပြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက် (MITS)တို့က အခြောက်ခံစက်များ၊ သိုလှောင်ရုံများအား ကွင်းဆင်းစစ်ဆေးကာ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသောကုမ္ပဏီများကို စိုက်ပျိုးရေးဦးစီးဌာနမှ တရုတ်နိုင်ငံဘက်သို့ပေးပို့ အဆိုပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ပြောင်းတင်ပို့သည့် လုပ်ငန်းများ မှတ်ပုံတင်ခြင်း**

**သက်ဆိုင်ရာဌာနထောက်ခံချက်**

၂၉။ မြန်မာနိုင်ငံမှပြောင်းကို တရုတ်နိုင်ငံသို့တရားဝင်တင်ပို့နိုင်ရေးအတွက် အပင်ပိုးမွှား ကင်းစင်ရေး ဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ် (Protocol) အား (၃၁-၁-၂၀၂၂) ရက်နေ့တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ ပြောင်းတင်ပို့မည့် ကုမ္ပဏီ (၁၁၂) ခု စာရင်းကို GACC တွင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၃၀။ သဘောတူစာချုပ်အရ (၁၈.၁၀.၂၀၂၂) ရက် နေ့မှ (၁၉.၂.၂၀၂၃) ရက်နေ့အထိ မြန်မာနိုင်ငံ၏ ကုမ္ပဏီ (၁၆) ခု သည် တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့လျက်ရှိပါသည်။

၃၁။ (၁၈.၁၀.၂၀၂၂)မှ(၁၉.၂.၂၀၂၃)ထိကုန်းကြောင်း မှ ပြောင်းတန်ချိန် (၃၁၅၉၁) မက်ထရစ်တန်အား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) (၃၄၃) စောင်နှင့် ရေကြောင်းမှ ပြောင်းတန်ချိန် (၉၅၃၁၆) မက်ထရစ်တန်အား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) (၁၅၄) စောင်၊စုစုပေါင်းပြောင်းတန်ချိန် (၁၂၆၉၀၇) မက်ထရစ်တန်အား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) (၄၉၇) စောင် ထုတ်ပေးခဲ့ပါသည်။

၃၂။ (၂၀.၂.၂၀၂၃) မှ (၂၆.၂.၂၀၂၃) ရက်နေ့ထိ ကုန်းလမ်းမှ ပြောင်း (၃၀၆၅) မက်ထရစ်တန်အား ပိုးမွှား ကင်းရှင်းကြောင်းသက်သေခံလက်မှတ် (PC) (၃၂) စောင်ထုတ်ပေးခဲ့ပါသည်။

၃၃။ (၁၈.၁၀.၂၀၂၂) မှ (၂၆.၂.၂၀၂၃) ထိ ကုန်းကြောင်းမှ ပြောင်း (၃၄၆၅၆) မက်ထရစ်တန် အား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) (၃၇၅) စောင်နှင့် ရေကြောင်းမှ ပြောင်း (၉၅၃၁၆) မက်ထရစ်တန်အား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) (၁၅၄) စောင်၊ စုစုပေါင်း ပြောင်း (၁၂၉၉၇၂) မက်ထရစ်တန်အား ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (PC) (၅၂၉) စောင် ထုတ်ပေးခဲ့ပါသည်။

၃၄။ ကုမ္ပဏီ(၁၁၂)ခုမှာ တရားဝင် ပို့ဆောင်ခွင့်ရရှိပြီး ၎င်းတို့အနက်မှ ကုမ္ပဏီ (၁၆) ခု မှာ တင်ပို့လျက်ရှိပါသည်။

၃၅။ ပြောင်းသည် GACC တွင် မှတ်ပုံတင်ရန်လိုအပ်သည့် ကုန်စည်အမျိုးအစား(၁၈)ခုတွင် မပါဝင်သော်လည်း နှစ်နိုင်ငံ သဘောတူညီချက် အပင်ပိုးမွှား ကင်းစင်ရေးဆိုင်ရာလိုအပ်ချက် သဘောတူစာချုပ် (Protocol) အရ တင်သွင်းခွင့်ပြုထားသည့် သီးနှံဖြစ်ပါသည်။ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့(Competent Authority) စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် GACC တွင် မှတ်ပုံတင်ရမည့် ကုန်စည်များ –

- Edible grains (စားသုံးနိုင်သောအစေ့ အဆံများ)
- Grain milling industrial products and malt (ကြိတ်ခွဲသီးနှံ ထွက်ကုန်များနှင့် မုယောစပါး)

၃၆။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်သွင်းနိုင်ရန်အတွက် GACC မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ် https://ciferquery.singlewindow.cn/ ၌ ဖော်ပြထားသည်။

၃၇။ GACC မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နေ့တွင် ကိုဗစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့သည့် ကြေညာချက်အမှတ် ၁၃၁ အရ တရုတ်နိုင်ငံသို့ တင်သွင်းသည့် အေးခဲအစား အစာများ (Cold– chain Food) နှင့် အေးခဲမဟုတ်သော အစားအစာများ (Non Cold– chain Food) အား နယ်စပ်ဂိတ်များတွင် ကိုဗစ်–၁၉ ရောဂါပိုး Nucleic Acid Test စစ်ဆေးသည့် စနစ်အား ဖျက်သိမ်းခဲ့သည်။

၃၈။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များစားသုံးနိုင်သည့် အစေ့အဆံ ) များ(Edible grain)) တင်သွင်းသည့် ကုမ္ပဏီများ မှတ်ပုံတင်ခြင်းအား GACC အောက်ရှိ Department of Animal and plant Quarantine ဌာနမှ တာဝန်ယူဆောင်ရွက်ပါသည်။

၃၉။ ထုတ်လုပ်သူကုမ္ပဏီများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များ နှင့် Application Materials များကို အောက်ပါအတိုင်း ချိတ်ဆက်ပေးပို့ရမည်ဖြစ်ပါသည် –

(က) Department of Animal and Plant Quarantine ဌာနသို့ စာ (သို့မဟုတ်) အီးမေးလ်၊ dapq@customs.gov.cn သို့ တင်ပို့သည့်နိုင်ငံများ၏ Competent Department အရာရှိများမှ ပေးပို့နိုင်ခြင်း၊

( ခ ) တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့်သော်လည်းကောင်း (သို့မဟုတ်) ရန်ကုန်မြို့ရှိ တရုတ်သံရုံးမှ တစ်ဆင့်သော်လည်းကောင်း ပေးပို့နိုင်ခြင်း၊


၄၀။ ယခင် China Import Food Enterprise Registration System ( CIFER) မှတစ်ဆင့် မှတ်ပုံတင်ခွင့်ပြုထားသော ထုတ်လုပ်သူလုပ်ငန်းကုမ္ပဏီများအနေဖြင့် ခွင့်ပြုချက် ဆက်လက်ရရှိထားပြီး ကုမ္ပဏီများ၏ အချက်အလက်များကို တရုတ်နိုင်ငံ၊ GACC ၊ Department of Animal and Plant Quarantine ၏ Website ဖြစ်သည့် http://dzs. customs.gov.cn/ တွင် ရှာဖွေတွေ့ရှိနိုင်သည်။

**မှတ်ပုံတင်ရန်လိုအပ်သည့်အချက်များ**

၄၁။ GACC တွင် မှတ်ပုံတင်ရန်အတွက် တရုတ်နိုင်ငံ၏ HS code နှင့် CIQ code ကို ပါဝင်ရမည် ဖြစ်ပြီး လိုအပ်သည့်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- GACC registration application form
- Business License for company
- Production License for facility
- Certificate of production management system

- Recommendation letter from competent authority of country of origin (required for GACC–1–2, GACC–1–3 types)
- Enterprise Information Form
- Enterprise Commitment Statement
- Processing flow chart
- List of foods to be exported to China
- List of Major raw materials & affiliated company
- Product photos
- Ingredient Formula
- Chinese label


China GACC registration process flow chart
Tags: | GACC | Food | Food | 海关总署 | 食品 | 食品 |
GACC Registration Online Application Process
All food category
1 hour
GACC Registration Approval Process for GACC-1-1
General food category
2 weeks
GACC Registration Approval Process for GACC-1-2
Medium risk food category
2-4 months
GACC Registration Approval Process for GACC-1-3
High risk food category
4-12 months
0 GACC Account Signup
1 Add new Application
2 Fill in enterprise information
3 Select register type
4 Choose food categories
5 CRA Authorization
6 Commitment Statement
7 Submit Application
8 Pay Service Fee online
0 Upload GACC application documents
1 Application Documents Pre-review
2 Applicant Correct Application
3 Application Documents Formal review
4 Issue GACC Registration Number.
0 Upload GACC application documents
1 Application Documents Formal review
2 Applicant Correct Application
3 Generate GACC Sequence No.
4 Application to Foreign Competent Authority
5 Foreign Authority Review
6 Foreign Authority Recommend to Embassy
7 Embassy Transferre to GACC
8 Issue GACC Registration Number
7 Front 7 Steps Same as GACC-1-2
8 GACC-CNCA Substantive Technical Review
9 GACC-CNCA On-site Review Foreign Facility
10 Issue GACC Registration Number

## မှတ်ပုံတင်အမှတ်နှင့် အမှတ်တံဆိပ်


၄၂။ တရုတ်နိုင်ငံ၏ Chinese Food Safety Law အရ တရုတ်နိုင်ငံသို့ တင်သွင်းသည့် စားသောက်ကုန်စည်များတွင် တရုတ်ဘာသာ အမှတ်တံဆိပ်ဖြင့်ဖော်ပြရမည်ဖြစ်ပြီး အကောက်ခွန်ရှင်းလင်းရေးအတွက် တရုတ်နိုင်ငံ CIQ မှ အဆိုပါ အမှတ်တံဆိပ်ကို စစ်ဆေးပါသည်။

**China Food labeling regulations include :**

(1) "import and export pre-packaged food labeling inspection supervision and management regulations"

(2) "Food nutrition label management Norms”


(3) "Measures for the Supervision and Administration of Food Labeling” etc.,




**Chinese Labeling Basic Elements of Imported Food**

၄၃။ ၂၀၂၂ ခုနှစ်မှစ၍ တရုတ်နိုင်ငံ GACC မှတ်ပုံတင်နံပါတ်ကို ဂဏန်း ၁၄ လုံးနှင့်အက္ခရာ ၄ ခု တို့ဖြင့် ၁၈ ခု သတ်မှတ်ပြီး အဆိုပါနံပါတ်အား တရုတ်ဘာသာဖြင့် ကုန်စည်အမှတ်တံဆိပ်ပေါ်တွင် ပုံနှိပ်ဖော်ပြ ရမည်ဖြစ်သည်။ အကောက်ခွန်ရှင်းလင်းရေးအတွက် တရုတ်နိုင်ငံ CIQ မှ အဆိုပါ အမှတ်တံဆိပ်ကို စစ်ဆေးပါသည်။

☼ **2022 New GACC registration number for overseas manufacturers**




**တရုတ်နိုင်ငံ China Inspection and Quarantine CIQ မှ စစ်ဆေးမည့်အချက်များ**

၄၄။ တရုတ်နိုင်ငံသို့တင်သွင်းသော စားသောက်ကုန်များကို တရုတ်နိုင်ငံအကောက်ခွန်ရှင်းလင်းရေးမပြုလုပ်မီ China Inspection and Quarantine CIQ မှ စစ်ဆေးမှုပြုလုပ်ပါသည်။ တရုတ်သို့ ဆန်အပါအဝင်စားသောက်ကုန် မတင်ပို့မီ လုပ်ငန်းရှင်မှ commercial invoice, packing list and sales contract စသည့်စာရွက်စာတမ်းများကို ပြင်ဆင်ရန်လိုအပ်ပြီး တရုတ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်ကိုက်ညီသည့် အတည်ပြုချက် (approval document)၊ ကျန်းမာရေး လက်မှတ် (health certificate)၊ အရည်အသွေးစစ်ဆေးချက်လက်မှတ်( quality inspection certification)၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ( country of origin certificate )များ တင်ပြရမည်ဖြစ်ပြီး ပိုးသတ်ဆေး၊ ပိုးသတ်မှိုင်းတိုက်နှင့် ဖြည့်စွက်ပစ္စည်း ပါဝင်မှုနှင့်စပ်လျဉ်းသည့် လက်မှတ်များကိုလည်း တင်ပြရမည်ဖြစ်သည်။

## တရုတ်နိုင်ငံ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်

၄၅။ တရုတ်နိုင်ငံ၏ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

# China Customs Clearance Process

| Step | China Customs Clearance flow chart | Summary |
|---|---|---|
| 1 | Customs agent prepare China Customs declaration application documents | If your buyer/importer has china customs declaration license,the buyer/importer can handle the customs clearance procedure directly; if not, you need to entrust a chinese customs broker to handle the customs clearance process; |
| 2 | China customs e-Port system online pre-declaration (e-edition) | All china importers & most of oversea exporters need be registered at the china customs system, after get the filing record number or ID, then can login the e-Port system for customs declaration . |
| 3 | Goods shipping to China Port (to Customs supervision warehouse) | Before the customs release, the goods need be stored in the customs supervision warehouse. The storage charge will be more expensive than the ordinary warehouse, so it is necessary to clear the customs as soon as possible. |
| 4 | China Customs Clearance declaration documents submit and review | Different kind commodities have different customs declaration documents requirements. If they are not enough or do not meet the requirements, the customs declaration application will be rejected;<br>There are about one hundred kind customs declaration documents applicable for Different kind commodities,detail list see below; |
| 5 | Import commodity CIQ inspection and quarantine | CIQ will sampling goods for testing, inspection and quarantine, to ensure that the goods meet the requirements of China's safety and quality standards (including Chinese labeling). If can't pass inspection, then |

| | | |
|---|---|---|
| | | can not be released. |
| 6 | **Pay China Import Tariffs and China Customs Clearance Fees** | Import tariffs include customs duty, value added tax, consumption tax, etc.<br>The China Customs Clearance fees include: customs handle fees, inspection and quarantine fees, port fees, the customs-supervised warehouse fees, China Customs agent (China Customs broker) service fees, etc.; |
| 7 | **China Customs Goods Batch Check** | Check whether the goods are consistent with the declaration documents; |
| 8 | **China Customs Release** | The Customs issues a customs clearance form for goods, and the goods are allowed to be shipped out of the customs supervision warehouse. |

## တရုတ်နိုင်ငံ အကောက်ခွန်ရှင်းလင်းရေးတွင် လိုအပ်သည့်စာရွက်စာတမ်းများ

၄၆။ တရုတ်နိုင်ငံသို့ တင်သွင်းကုန်စည်များအတွက် အကောက်ခွန်ရှင်းလင်းရာတွင် ကုန်ပစ္စည်းရောင်းချသူနှင့် ဝယ်ယူသူတို့အတွက် လိုအပ်သောစာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

China Customs Clearance Documents requirements :

| No. | Documentations Name | Documents Provider | What kind goods need it? |
|---|---|---|---|
| 1 | Authorization letter for customs declaration | Consignee | ☑ |
| 2 | Entry goods customs declaration form | Customs Broker | ☑ |

| No. | Documentations Name | Documents Provider | What kind goods need it? |
|---|---|---|---|
| 3 | Contract | Consignee | ☑ |
| 4 | Commercial invoice | Consignee | ☑ |
| 5 | L/C=letter of credit | Consignee | ☑ |
| 6 | Beneficiary's certificate/statement | Consignor | ☐ |
| 7 | Insurance policy | Consignor | ☑ |
| 8 | Bill of lading | Consignor | ☑ |
| 9 | Deliver order | Consignor | ☑ |
| 10 | Packing list | Consignor | ☑ |
| 11 | Certificate of origin | Country of origin Authority | ☑ |
| 12 | Preferential Certificate of Origin | Country of origin Authority | ☐ |
| 13 | Others Documentation | | ☐ |

**နိဂုံး**

၄၇။ မြန်မာ့ပြောင်းများ တရုတ်နိုင်ငံဈေးကွက်သို့ အဆင်ပြေချောမွေ့စွာ တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များအတွက် ထိရောက်ပြီး အကျိုးရှိနိုင်သည့် လမ်းညွှန်စာအုပ်ဖြစ်နိုင်ရေးရည်ရွယ်၍ ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**